# 2 မူလတန်းမတက်မီ ပညာရေး

### 2-2 အသိအမှတ်ပြုကလေးထိန်းကျောင်း

မူကြိုကျောင်းစနစ်နှင့် ကလေးစောင့်ရှောက်ကျောင်းစနစ်ကို ပေါင်းစည်းထားသော ကျောင်းဖြစ်ပြီး ကလေးအုပ်ထိန်းသူသည် အလုပ်လုပ်နေသူ၊ အလုပ်မလုပ်သူ စသည့်အကြောင်းအရာများနှင့် မဆိုင်ပဲ ကျောင်းထားလို့ ရသည့်နေရာဖြစ်သည်။ ထို့အပြင် ကလေးရှိသူများအတွက် ကလေးပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ပေးသည်။

ကလေးထိန်းကျောင်းတွင် မူကြိုကျောင်းစနစ်နှင့် နေ့ကလေးထိန်းကျောင်းစနစ်ကိုပေါင်းစည်းထားသောကျောင်း၊ မူကြိုကျောင်းစနစ်ကျောင်း၊ နေ့ကလေးထိန်းကျောင်းစနစ်ကျောင်း၊ အစိုးရအသိအမှတ်ပြုမဟုတ်သောကျောင်း ဟူသော အမျိုးအစား ၄မျိုးရှိပြီး ကျောင်းပစ္စည်းကိရိယာနှင့် ပညာသင်ရေးမှု ကွာခြားမှုရှိသောကြောင့် သေချာစွာစုံစမ်းပါ။

- လျှောက်ရန်။ ။အမျိုးအစား -၁ အသိအမှတ်ပြု ဖြစ်ပါက ထိုကျောင်းတွင်၊ အမျိုးအစား-၂၊ ၃ အသိအမှတ်ပြု ဖြစ်ပါက မြို့နယ် အသီးသီး၏ တာဝန်ခံ ဌာနတွင် လျှောက်ထားပါ။
- ကျောင်းလခ။ ။မည်သည့်အသိအမှတ်ပြုကလေးထိန်းကျောင်းဖြစ်စေ သတ်မှတ်ထားသည့် လခ။ ကလေးစောင့်ရှောက်ကျောင်း လခကို မိဘအုပ်ထိန်းသူ၏ ဝင်ငွေအနေအထားစသည်များအပေါ် မူတည်ပြီး သတ်မှတ်သည်။
- ထောက်ပံ့မှုစနစ်။ ။မူကြိုကျောင်းတွင် မူကြိုကျောင်းတက်မှုထောက်ပံ့ငွေ စသည့်စနစ်များရှိသည်။

အသိအမှတ်ပြု ကလေးထိန်းကျောင်းကို အသုံးပြုသည့်အချိန်တွင် ထောက်ပံ့မှုအသိအမှတ်ပြုခြင်း ရယူရန်လိုအပ်ပါသည်။

အထက်ပါစနစ်ကိုအသုံးပြုသည့်အခါ သက်ဆိုင်ရာမြို့ရွာများ၏ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာနများသို့ မေးမြန်းပါ။